ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း (၃)ထပ်နှင့်အောက်(မြေပိုင်ဆိုင်မှုမှန်/ မြေပိုင်ဆိုင်မှုအရပ်ကတိစာချုပ်) အဆောက်အအုံဆောက်လုပ်ခွင့် လျှောက်ထားလာပါက မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် အောက်ပါအတိုင်း စစ်ဆေးဆောင်ရွက်မည်ဖြစ်ပါသည်–

(၁) ဂရန်(သို့မဟုတ်)အတိုင်းအတာပါမြေပုံ/ မြေပိုင်ဆိုင်မှုအထောက်အထားပါအတိုင်းအတာနှင့် အဆိုပြုပုံစံပါအတိုင်းအတာတို့အား မြေပြင်ကိုက်ညီမှုရှိ/မရှိ မြေကွက်ကို တိုင်းတာစစ်ဆေးခြင်း

(၂) အဆိုပြုမြေကွက်သို့ ဆက်စပ်မြေကွက်များမှ အဆောက်အအုံအစိတ်အပိုင်းများ လေကျူးကျော်ခြင်း၊ မြေကျူးကျော်ခြင်းရှိ/မရှိ စစ်ဆေးခြင်း

(၃) အဆိုပြုမြေကွက်၏ မြေအနိမ့်အမြင့်အနေအထားကို စစ်ဆေးခြင်း

(၄) အဆိုပြုမြေကွက်နှင့် လျှပ်စစ်ဓာတ်အားလိုင်း အကွာအဝေးစစ်ဆေးခြင်း

(၅) အဆိုပြုမြေကွက်အတွင်းရှိ အဆောက်အအုံများ၊ ယင်းအဆောက်အအုံတို့၏ အရွယ်အစား၊ အမျိုးအစား၊ သက်တမ်း၊ နေထိုင်အသုံးပြုမှုနှင့် အဆိုပြုအဆောက်အအုံကြိုတင်ဆောက်လုပ်ထားမှုရှိ/မရှိ၊ ကြိုတင်ဆောက်လုပ်ထားပါက ပြီးစီးမှုအခြေအနေ၊ တင်ပြပုံစံနှင့် ကိုက်ညီမှုရှိ/မရှိ၊ အရေးယူဆောင်ရွက်ထားမှုတို့ကို စစ်ဆေးခြင်း

(၆) အဆိုပြုမြေကွက်နောက်ဘက်၌ နောက်ဖေးလမ်းကြားရှိ/မရှိနှင့် အဆိုပြုအဆောက်အအုံအတွက် မိလ္လာကန်ဆောက်လုပ်ရန် နေရာလုံလောက်မှုရှိ/မရှိ စစ်ဆေးခြင်း

(၇) အဆိုပြုအဆောက်အအုံသည် အရှေ့ဘက်၌ တည်ဆဲအဆောက်အအုံဆိုင်ရာသတ်မှတ်ချက်မြေချန် ကိုက်ညီမှုမရှိဘဲ လျှောက်ထားလာပါက ဘေးဝဲယာ အဆောက်အအုံများ၏ Building Line ကို စစ်ဆေးရန်နှင့် အရေးကြီးသည့်နေရာများ၌ ဓာတ်ပုံမှတ်တမ်းရယူခြင်း

(၈) အမှုတွဲ၌ တင်ပြထားသည့် ဘေးအိမ်နှင့်ပတ်ဝန်းကျင်နေထိုင်သူတို့၏ ထောက်ခံချက်များကို စစ်ဆေးခြင်း

(၉) အလုပ်ရုံနှင့် ဂိုဒေါင်ဆောက်လုပ်ခွင့်ကို လူနေရပ်ကွက်အတွင်း လျှောက်ထားလာပါက ပတ်ဝန်းကျင်ရှိ အဆောက်အအုံများ အသုံးပြုမှုအခြေအနေ စစ်ဆေးခြင်း

(၁၀) ရှေးဟောင်းလက်ရာအဆောက်အအုံများနှင့်အကွာအဝေး၊ ရှေးဟောင်းလက်ရာအဆောက်အအုံကို မြင်ကွင်းကွယ်နိုင်ခြင်းရှိ/မရှိ စစ်ဆေးခြင်း

(၁၁) အဆိုပြုမြေကွက်ရှေ့လမ်းအကျယ်နှင့် ရေစီးရေလာအခြေအနေကို စစ်ဆေးခြင်း

(၁၂) အဆိုပြုမြေကွက်အတွင်း ရေမြောင်းနှင့်ရေပိုက်များဖြတ်သန်းနေခြင်းရှိ/မရှိ၊ အဆိုပြုအဆောက်အအုံကြောင့် အများပြည်သူဝင်ထွက်လမ်း ပိတ်ဆို့နိုင်ခြင်းရှိ/မရှိ၊ အဆိုပြုအဆောက်အအုံနှင့်ချောင်း၊ မြောင်းတို့၏ အကွာအဝေး၊ အဆိုပြုအဆောက်အအုံသည် ကန့်သတ်ထားသောဧရိယာတွင် ပါဝင်ခြင်းရှိ/မရှိနှင့် အခြားထူးခြားသော ပြဿနာများရှိ/မရှိ စစ်ဆေးခြင်း

(၁၃) အဆိုပြုအဆောက်အအုံသည် ဘေးဝဲယာအဆောက်အအုံများနှင့် မျက်နှာလှည့်မတူညီပါက အဆိုပြုအဆောက်အအုံ၏ မိလ္လာပိုက်နှင့်ရေဆိုးပိုက်တို့ကြောင့် အခြားအဆောက်အအုံကို အနှောင့်အယှက်ရှိနိုင်ခြင်းရှိ/မရှိ စစ်ဆေးခြင်း

(၁၄) အဆိုပြုမြေကွက်အတွင်း သစ်ပင်များတည်ရှိနေမှုအနေအထားကို စစ်ဆေးခြင်း

(၁၅) အဆိုပြုအဆောက်အအုံကို စီးပွားဖြစ် အသုံးပြုမည်ဆိုပါက အနီးပတ်ဝန်းကျင်ရှိ စာသင်ကျောင်းများနှင့် ဘုန်းကြီးကျောင်းများ အကွာအဝေးကို စစ်ဆေးခြင်း